Myanmar Centre for Responsible Business

Yever smarter together

Certified B Corporation

PWINT THIT SA

Transparency in Myanmar Enterprises

# *Pwint Thit Sa*

## Transparency in Myanmar Enterprises (TiME)

## Launch of 2024 Research Phase

# Objective of *Pwint Thit Sa* Report

# ပွင့်သစ်စအစီရင်ခံစာ၏ ရည်မှန်းချက်

PWINT THIT SA

Transparency in Myanmar Enterprises

The objective of the *Pwint Thit Sa* report is to **incentivize better corporate disclosure** of corporate governance and non-financial information by Myanmar companies through publicly recognising them for their **transparency.**

ပွင့်သစ်စအစီရင်ခံစာ၏ရည်ရွယ်ချက်မှာ မြန်မာကုမ္ပဏီများအား အများ ပြည်သူမှ ၄င်းတို့၏ **ပွင့်လင်းမြင်သာမှု**ကို သိမြင်လာစေရန်အတွက် ကော်ပိုရိတ်စီမံ အုပ်ချုပ်မှု နှင့် ဘဏ္ဍာရေးနှင့် မသက်ဆိုင်သော အချက်အလက် များဆိုင်ရာ **ကော်ပိုရိတ်ပွင့်လင်းမြင်သာမှုပိုမိုရှိလာစေရန် အားပေးလှုံ့ဆော်လိုခြင်း** ဖြစ်သည်။


Myanmar Centre for Responsible Business

Certified B Corporation

Yever smarter together

# Purpose of 8th edition of *Pwint Thit Sa*

# ၈ ကြိမ်မြောက် ပွင့်သစ်စအစီရင်ခံစာ၏ ရည်ရွယ်ချက်




***Pwint Thit Sa***

**2024**

***Pwint Thit Sa*** has been encouraging Myanmar businesses to improve their transparency practices and to become responsible businesses since 2014.

Since 2020, there have been challenging years for Myanmar and its economy. Meanwhile, "***Transparency***" plays an important role in maintaining the operations and engagement with the stakeholders of businesses. ***Pwint Thit Sa, with its 8th edition,*** aims to continue supporting Myanmar businesses to maintain or even improve their transparency practices during this challenging period.


***ပွင့်သစ်စ*** သည် ၂၀၁၄ ခုနှစ်မှစ၍ မြန်မာ့စီးပွားရေးလုပ်ငန်းများအား ၎င်းတို့၏ ပွင့်လင်းမြင်သာမှုဆိုင်ရာ အလေ့အကျင့်များနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော စီးပွားရေးလုပ်ငန်းများ ဖြစ်လာစေရန် အားပေးလှုံ့ဆော်လျက်ရှိပါသည်။

၂၀၂၀ခုနှစ်မှ စတင်ပြီး ယခုအချိန်ကာလအထိ နှစ်ကာလများသည် မြန်မာနိုင်ငံအတွက်သာမက ၎င်း၏ စီးပွားရေးကဏ္ဍ အတွက်လည်း စိန်ခေါ်မှုများသော ကာလများဖြစ်ပါသည်။ ယခုကဲ့သို့ ကာလများတွင် စီးပွားရေး လုပ်ငန်းများအတွက် လုပ်ငန်းပုံမှန်လည်ပတ်နိုင်ရန်နှင့် ၎င်းတို့၏ အကျိုးသက်ဆိုင်သူများ နှင့် အစဉ်မပြတ်ထိတွေ့ဆက်သွယ်နိုင်ရန် "***ပွင့်လင်းမြင်သာမှု***" သည် အရေးပါသော ကဏ္ဍတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် ဤ ***၈ ကြိမ်မြောက် ပွင့်သစ်စ အစီအရင်ခံစာ*** သည် ယခုကဲ့သို့ စိန်ခေါ်မှုများပြား နေသောကာလတွင် မြန်မာစီးပွားရေးလုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှုဆိုင်ရာ အလေ့အကျင့်များအား လက်ရှိအတိုင်း ဆက်လက်ထိန်းသိမ်းထားနိုင်ရန်နှင့် ပိုမိုကောင်းမွန် လာစေရန် ပံ့ပိုးကူညီသွားနိုင်ရန် ရည်ရွယ်ပါသည်။

**Flashback to**
***Pwint Thit Sa* 2022**
ပွင့်သစ်စ ၂၀၂၂ ၏ရလဒ်များအား
ပြန်လည်ဖော်ပြခြင်း

# *Pwint Thit Sa 2022 – Top 20 companies*

## ပွင့်သစ်စ ၂၀၂၂ - ထိပ်တန်းကုမ္ပဏီ ၂၀



# *Pwint Thit Sa 2022 – Overall*

# ပွင့်သစ်စ ၂၀၂၂ - ခြုံငုံထားသော ရလဒ်

| 2020 | 2022 |
|---|---|
| 7% | 8% ↑ |

**Average score of Myanmar Companies**
**မြန်မာကုမ္ပဏီများ၏ ပျမ်းမျှရလဒ်**

| 2020 | 2022 |
|---|---|
| 70% | 73% ↑ |

**Average performance of Top 10 companies**
**ရမှတ်အများဆုံးကုမ္ပဏီများ၏ ကြိုးစားအားထုတ်မှု**

| | |
|---|---|
| = Corporate Profile | Corporate Governance ↓ |
| ↑ Sustainability Management | Reporting = |

**Evolution of Myanmar companies in different areas**
**မြန်မာကုမ္ပဏီများ၏ တိုးတက်မှုကို မြင်ရသည့် ကဏ္ဍများ**

The improvement of the average score means that Myanmar companies are making real efforts to enhance the quality of their disclosure.

More companies are embracing better practices, and they inspire others to do the same.

We noticed that Myanmar companies made progress on the Sustainability Management front.

မြန်မာကုမ္ပဏီများ၏ ပျမ်းမျှရလဒ်တိုးတက်လာမှုသည် ၎င်းတို့၏ ထုတ်ဖော် ကြေညာမှုဆိုင်ရာ အရည်အသွေးများ တိုးတက်လာစေရန်အတွက် ကြိုးစားအားထုတ်မှုကို ထင်ဟပ်စေ ပါသည်။

အလေ့အကျင့်ကောင်းများကို ကျင့်သုံးလာသည့် မြန်မာကုမ္ပဏီများ ပို၍များပြားလာပြီး ၎င်းတို့နည်းတူ အခြား သောကုမ္ပဏီများအနေဖြင့်လည်း ထိုအလေ့အကျင့်ကောင်းများကိုကျင့်သုံးလာ စေရန် လမ်းပြရာရောက်ပါသည်။

အဓိကအားဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံခန့်ခွဲမှုတို့တွင် မြန်မာကုမ္ပဏီများ၏ တိုးတက်လာမှုကို အထင်အရှားတွေ့မြင်ရပါသည်။

# Methodology of 8th edition

# ၈ ကြိမ်မြောက် အစီရင်ခံစာတွင် စိစစ်အကဲဖြတ်မည့် နည်းစနစ်

# Summary of the evolution

*The methodology of the 8th edition is designed to advance the transparency of Myanmar enterprises.*

# ပြောင်းလဲမှုများ အကျဉ်းချုပ်

*၈ ကြိမ်မြောက် အစီရင်ခံစာ၏ စစ်တမ်းဆောင်ရွက်ပုံနည်းလမ်းသည် မြန်မာကုမ္ပဏီများ၏ ပွင့်လင်းမြင်သာမှုကို တိုးတက်လာစေရန်အတွက် ရေးဆွဲထားပါသည်။*

The objective of this edition is to support the companies in maintaining transparency practices during this challenging time and, at the same time, enhancing their practices to prepare for the future. The summary of the changes is as follows.

ဤအကြိမ် ထုတ်ဝေမှု၏ ရည်ရွယ်ချက်မှာ ယခုကဲ့သို့ စိန်ခေါ်မှုများဖြစ်ပေါ်နေသည့်ကာလအတွင်း ကုမ္ပဏီများအနေဖြင့် ပွင့်လင်းမြင်သာသော အလေ့အကျင့်များကို ထိန်းသိမ်းနိုင်ရန်နှင့် တစ်ချိန်တည်းတွင်ပင် အနာဂတ်အတွက် ပြင်ဆင်နိုင်ရန်အတွက် လိုအပ်သည့် အလေ့အကျင့်များကိုလည်း မြှင့်တင်ပေးရန်ဖြစ်သည်။ ပြောင်းလဲထားသည့်အချက်များ၏ အနှစ်ချုပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

## Company list
## ပါဝင်သည့် ကုမ္ပဏီစာရင်း

**245 companies (**excluding volunteer companies**)**

**ကုမ္ပဏီအရေအတွက် ၂၄၅ ခု (** မိမိဆန္ဒအလျောက် ပါဝင်သည့် ကုမ္ပဏီများ ကို ထည့်သွင်း ရေတွက် မထားပါ)

## Scorecard
## ရမှတ် မှတ်တမ်း

**160 criteria** in total

**စံနှုန်းစုစုပေါင်း ၁၆၀ ခု**

**16 new and updated criteria** focused on **sustainability, risk and environmental management**

**ရေရှည်တည်တံ့ခိုင်မြဲမှု၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု နှင့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှု** တို့အပေါ် အလေးပေးထားသည့် **အသစ်ပြင်ဆင်ဖြည့်စွက်ထားသော စံနှုန်း ၁၆ ခု**

**Covid-19-related criteria** were removed.


**ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ပတ်သက်သည့် စံနှုန်းများအား** ဖယ်ရှားထုတ်ထားပါသည်။

**Banks** will be assessed with **a more rigorous approach** focused on **their financing/lending activities.**

**ဘဏ်လုပ်ငန်းများ**အား **၎င်းတို့၏ ဘဏ္ဍာရေး/ချေးငွေဆိုင်ရာ လုပ်ဆောင်ချက်များ** အပေါ်အာရုံစိုက်ကာ **ပိုမို တင်းကျပ်သော ချဉ်းကပ်မှုပုံစံဖြင့်** အကဲဖြတ်မည်ဖြစ်ပါသည်။

# Company list

*We included the Pre-Listing Board from YSX starting this year.*




# ပါဝင်သော ကုမ္ပဏီများစာရင်း

*"YSX မှ စာရင်းဝင်အကြိုဈေးကွက်(PLB)ရှိ ကုမ္ပဏီများ" အား အမျိုးအစားအသစ်တစ်ခု အနေဖြင့် စိစစ်အကဲဖြတ်သွားမည်ဖြစ်သည်။*

We will assess 245 companies in total. Last year, we assessed 271 companies.

We will begin to consider including the Pre-Listing Board from YSX (YSX – PLB) starting this year.

The following categories of companies remain the same.

- Listed companies
- Public companies
- Banks and insurance
- Influential companies
- Top 100 Taxpayers for FY 2019's first six month
- State-owned enterprises (SOE)

စုစုပေါင်း ကုမ္ပဏီ ၂၄၅ ခုအား စိစစ်အကဲဖြတ်သွားမည်ဖြစ်သည်။ ယခင်နှစ်တွင် ကုမ္ပဏီ ၂၇၁ ခုအား စိစစ်အကဲဖြတ်ခဲ့သည်။

ပါဝင်သော ကုမ္ပဏီအမျိုးအစားများအနက် စာရင်းဝင်အကြိုဈေးကွက်(YSX-PBL)ရှိ ကုမ္ပဏီများကိုလည်း အမျိုးအစားအသစ်အနေဖြင့် စိစစ် အကဲဖြတ်သွားမည်ဖြစ်သည်။

အောက်ပါ ကုမ္ပဏီအမျိုးအစားများသည် ယခင်အတိုင်း ပါဝင်ပါသည်။

- Yangon Stock Exchange စာရင်းဝင်ကုမ္ပဏီများ
- အများပိုင်ကုမ္ပဏီများ
- ဘဏ်နှင့် အာမခံကုမ္ပဏီများ
- လူသိများသော ကုမ္ပဏီများ
- ဘဏ္ဍာနှစ် ၂၀၁၉ ၏ ပထမ ၆ လတွင် အခွန်ပေးဆောင်မှု အများဆုံး ကုမ္ပဏီ ၁၀၀ ခု
- နိုင်ငံပိုင် ကုမ္ပဏီများ

YANGON STOCK EXCHANGE SECM DICA Financial Regulatory Department

Myanmar Centre for Responsible Business Certified B Corporation Yever smarter together

# Scorecard: Standards

*Our scorecard is to assess the quality of the corporate transparency of Myanmar businesses*

# ရမှတ်မှတ်တမ်း - မူဝါဒများ

*ပွင့်သစ်စ၏ ရမှတ်မှတ်တမ်းသည် မြန်မာစီးပွားရေးလုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှုဆိုင်ရာ အရည်အသွေးကို စိစစ်ရန်ဖြစ်သည်။*

**Corporate Governance Scorecard**

We incorporated various frameworks aligned with the Myanmar economy and developed a scorecard achievable for Myanmar enterprises. **This year, we considered the Fair Finance International framework for the banks and, therefore, banks will require a more rigorous approach to achieve maximum scores.**

In 2022, one of Myanmar's private companies managed to achieve a score of nearly 90%. It proves that our scorecard is relevant and achievable for Myanmar businesses.

စိစစ်အကဲဖြတ်မှုမှတ်တမ်းအား မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ကိုက်ညီသည့် မူဘောင်များ ဖြင့် ချိန်ညှိထားပြီး မြန်မာကုမ္ပဏီများ အနေဖြင့် အမှတ်ရရှိနိုင်စေရန် ပြုစုထားသည်။ ယခုနှစ်တွင်လည်း Fair Finance International ၏ မူဘောင်များအား ဖြည့်သွင်းထားသဖြင့် ဘဏ်များအနေဖြင့် အမှတ်အများဆုံးရရှိလိုပါက ပိုမိုတိကျသေချာသည့် အချက်များဖြင့် ကြိုးစားလုပ်ဆောင်ရန် လိုအပ်မည်ဖြစ်သည်။


၂၀၂၂ ခုနှစ်တွင် မြန်မာကုမ္ပဏီတစ်ခုသည် ၎င်း၏ ရမှတ်ကို ၉၀% နီးပါး ရရှိသည်အထိ ဆောင်ရွက်နိုင်ခဲ့သည်။ ၎င်းကို ကြည့်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ ရမှတ်မှတ်တမ်းသည် မြန်မာ့စီးပွားရေးလုပ်ငန်းများအတွက် သင့်လျော်ကြောင်းနှင့် ၎င်းတို့အနေဖြင့် မြင့်မားသော အမှတ်များရရှိနိုင်သော ရမှတ်မှတ်တမ်းတစ်ခုဖြစ်ကြောင်း သက်သေသာဓကကောင်း တစ်ခုပင်ဖြစ်သည်။

# Scorecard: Criteria

*We included more criteria focused on sustainability management*

# ရမှတ်မှတ်တမ်း - စံနှုန်းများ

*ရေရှည်တည်တံ့ခိုင်မြဲရေး စီမံခန့်ခွဲမှုနှင့် ပတ်သတ်သည့် စံနှုန်းများကို ပိုမိုထည့်သွင်းထားသည်။*




We maintained the same pillars of the information.

We incorporated new and updated criteria focused on sustainability management and risk management for the businesses and financing activities for the banks; 14 new criteria were included. In total, we have 160 criteria (151 in *Pwint Thit Sa* 2022).

Overall, the new criteria will help prepare Myanmar enterprises for the future.


စိစစ်အကဲဖြတ်သွားမည့် သတင်းအချက်အလက် နယ်ပယ်များမှာ ပြောင်းလဲခြင်းမရှိပါ။

စီးပွားရေးလုပ်ငန်းများနှင့် ဘဏ်လုပ်ငန်းများ၏ ငွေကြေးဆိုင်ရာလုပ်ဆောင်ချက်များအပေါ် ရေရှည်တည်တံ့ခိုင်မြဲရေး စီမံခန့်ခွဲမှု၊ အန္တရာယ်စီမံခန့်ခွဲမှုများအား ထင်ဟပ်သော စံနှုန်းသစ် ၁၄ ခု ပါဝင်သည်။ **စုစုပေါင်း စံနှုန်း ၁၆၀ ခု ဖြစ်သည်။ (ပွင့်သစ်စ ၂၀၂၂ တွင် စံနှုန်း ၁၅၁ ခု ပါဝင်ခဲ့သည်။)**

ယေဘုယျအားဖြင့် စံနှုန်းသစ်များသည် စီးပွားရေးလုပ်ငန်းများအနေဖြင့် အနာဂတ်အတွက် ကြိုတင်ပြင်ဆင်ထားရန်အတွက် အထောက်အကူပြုနိုင်မည့် အချက်များလည်းဖြစ်သည်။

# Scorecard: Scoring

*Banks will require a more rigorous approach to achieve maximum scores.*




# ရမှတ်မှတ်တမ်း - အမှတ်ပေးစနစ်

ပုဂ္ဂလိကဘဏ်များအနေဖြင့် ရမှတ်အများဆုံးရရှိရန်အတွက် ပိုမိုတိကျသည့် ချဉ်းကပ်ပုံစံများလုပ်ဆောင်ရန် လိုအပ်သည်။

This year, with our revised scorecard, we have three baselines:

- Banks
- Public, listed and pre-listing board (PLB) companies,
- Private and SOEs.

**Banks will not get any bonus with our new scorecard**; the edition raises the bar for them, as we considered the Fair Finance International framework. However, Public, listed, and PLB companies can enjoy bonus points. Insurance companies will be treated and assessed per their company types, such as private, public, listed or PLB.

For private and SOEs, we continue encouraging private companies by providing bonus points for disclosing the information, which is not obligatory for them to disclose but is for listed and public companies.

ယခုနှစ်၏ ပြန်လည်ပြင်ဆင်ထားသည့် ရမှတ်မှတ်တမ်းတွင် အခြေခံမျဉ်းအနေဖြင့် ဘဏ်လုပ်ငန်းများ၊ အများပိုင်၊ Yangon Stock Exchange စာရင်းဝင်ကုမ္ပဏီများ၊ စာရင်းဝင်အကြိုဈေးကွက်(PLB)ရှိ ကုမ္ပဏီများ၊ ပုဂ္ဂလိကစီးပွားလုပ်ငန်း နှင့် နိုင်ငံပိုင် ကုမ္ပဏီများပါဝင်သည်။

**ပြန်လည်ပြင်ဆင်ထားသည့် ရမှတ်မှတ်တမ်းတွင် ဘဏ်များအတွက် Fair Finance Inernational ၏ မူဘောင်များကိုထည့်သွင်းထားသောကြောင့် ၎င်းတို့အနေဖြင့် ယခင်ကထက် ပို၍ အားထုတ်ရမည်ဖြစ်ပြီး အပိုရမှတ်များရရှိမည်မဟုတ်ပါ။** သို့သော်လည်း အများပိုင်၊ YSX စာရင်းဝင်နှင့် စာရင်းဝင်အကြိုဈေးကွက်ရှိ ကုမ္ပဏီများအနေဖြင့် အပိုရမှတ်များကို ရယူနိုင်သေးမည်ဖြစ်သည်။

ပုဂ္ဂလိက ကုမ္ပဏီများနှင့် နိုင်ငံပိုင် ကုမ္ပဏီများသည် စာရင်းဝင်ကုမ္ပဏီများနှင့် အများပိုင် ကုမ္ပဏီများသာ ဖော်ပြရန်လိုမည့်အချက်အလက်များကို မည်သည့်ဥပဒေ ပြဋ္ဌာန်း ချက်ကြောင့်မဟုတ်ဘဲ မိမိတို့ ဆန္ဒအလျှောက် ဖော်ပြထားခြင်းမျိုးရှိပါက အပိုရ မှတ်များရရှိမည်ဖြစ်ပါသည်။

# Project Planning

# စီမံကိန်း အစီအစဉ်

# Our expected timeline

# ကျွန်ုပ်တို့၏ ခန့်မှန်းအစီအစဉ်

| February - May | June - August | September - November | December | January |
|---|---|---|---|---|
| First assessment | Engagement with companies | Second assessment | Developing the report | *Pwint Thit Sa 2024* |
| We will start assessing 245 companies with a scorecard composed of 160 criteria. | We will provide one-hour free discussion with each company which desires to discuss their first assessment result. | We will conduct the second assessment for all the companies and consolidate the result. | We will produce the content both in English and Myanmar languages. | |
| ကုမ္ပဏီ ၂၄၅ ခု အား စံနှုန်း ၁၆၀ ခု ပါဝင်သော ရမှတ် မှတ်တမ်းဖြင့် စတင် စိစစ်အကဲဖြတ်သွားမည် ဖြစ်သည်။ | ပထမစိစစ်အကဲဖြတ်မှုရလဒ်နှင့် ပတ်သက်၍ ဆွေးနွေးလိုသော ကုမ္ပဏီများ အတွက် အခမဲ့ ၁ နာရီကြာ တွေ့ဆုံ ဆွေးနွေးမှုများ ပြုလုပ်ပေးပါမည်။ | ကုမ္ပဏီများအား ဒုတိယအကြိမ် စိစစ်အကဲဖြတ်ပြီး ရလဒ်များအား စုစည်းမည်ဖြစ်သည်။ | အစီရင်ခံစာအား မြန်မာဘာသာ နှင့် အင်္ဂလိပ်ဘာသာ နှစ်မျိုးလုံး ဖြင့် ထုတ်ဝေနိုင်ရန် စတင် ပြင်ဆင်မည်ဖြစ်သည်။ | |

# Annex

# Scorecard: Evolution (1/4)

*New Criteria*

# ရမှတ်မှတ်တမ်း - ပြောင်းလဲမှု (၁/၄)

*စံနှုန်းအသစ်များ*

Q74 Does the company disclose that the board reviews on an annual basis that the company's capital and debt structure is compatible with its strategic goals and its associated risk appetite?

၇၄။ ကုမ္ပဏီ၏အရင်းအနှီးနှင့် ကြွေးမြီဆိုင်ရာ ဖွဲ့စည်းပုံများသည် ထိုကုမ္ပဏီတွင် ချမှတ်ထားသော မဟာဗျူဟာပန်းတိုင်များနှင့် အန္တရာယ်ဖြစ်နိုင်ချေရှိမှု စသည်တို့ဖြင့် သဟဇာတဖြစ်ကာ ကိုက်ညီမှုရှိနေကြောင်းကို ကုမ္ပဏီဘုတ်အဖွဲ့မှ နှစ်စဉ် ပြန်လည်သုံးသပ်ထားသည့် ထုတ်ဖော်ချက်များ ရှိပါသလား။

Q75 Does the company disclose sustainability-related performance progress in relation to its previously set targets?

၇၅။ ကုမ္ပဏီအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့်ပတ်သက်၍ယခင်သတ်မှတ်ထားခဲ့သော ရည်မှန်းချက်များ၏ စွမ်းဆောင်ရည်တိုးတက်လာမှုများကို  ထုတ်ဖော်ခြင်းများ ရှိပါသလား။

Q76 Does the company confirm that its Sustainability Report/Reporting is reviewed and/or approved by the Board or Board Committee?

၇၆။ ကုမ္ပဏီ၏ ရေရှည်တည်တံ့ခိုင်မြဲမှုအစီရင်ခံစာ/အစီရင်ခံခြင်းကို ဘုတ်အဖွဲ့ (သို့) ဘုတ်အဖွဲ့ကော်မတီက ပြန်လည်သုံးသပ်ခဲ့ကြောင်း နှင့်/သို့ အတည်ပြုခဲ့ကြောင်းကို ကုမ္ပဏီမှ အတည်ပြု ဖော်ပြထားပါသလား။

Q79 Does the Company finance companies involved in renewable energy generation (wind, solar, small and medium scale hydro power, geothermal power, tidal power, etc.)?

၇၉။ ကုမ္ပဏီအနေဖြင့်  ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်ခြင်းများဖြစ်သည့် (လေ၊ နေရောင်ခြည်၊ အသေးစားနှင့် အလတ်စား ရေအားလျှပ်စစ်၊ ဘူမိအပူစွမ်းအင်၊ ဒီရေစွမ်းအင် စသည်) တို့လုပ်ကိုင်နေသော ကုမ္ပဏီများကို ငွေကြေးထောက်ပံ့မှုများ ရှိပါသလား။

# Scorecard: Evolution (2/4)

*New Criteria*

# ရမှတ်မှတ်တမ်း - ပြောင်းလဲမှု (၂/၄)

*စံနှုန်းအသစ်များ*

Q80 Does the Company have a measurable target to increase its finance for renewable energy generation?

Q81 Does the Company have a measurable target to reduce either its total amount of finance for fossil fuel-fired power generation or to reduce finance for fossil fuel-fired power generation, relative to its finance for renewable energy generation?

Q86 Does the Company have an anti-money laundering policy?

Q87 Does the Company have a policy to prevent terrorist financing and financing of proliferation?

Q88 Does the Company apply additional safeguards when it enters into indirect or direct business relations with Politically Exposed Persons?

၈၀။ ကုမ္ပဏီတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်ခြင်းအပေါ် ငွေကြေးထောက်ပံ့မှုများ တိုးမြှင့်ရေး တိုင်းတာနိုင်သည့် သတ်မှတ်ချက်များရှိပါသလား။

၈၁။ ရုပ်ကြွင်းလောင်စာသုံး ဓာတ်အားထုတ်လုပ်ခြင်းအတွက် ကုန်ကျသည့် စုစုပေါင်း ငွေကြေး ပမာဏကို လျှော့ချရန် (သို့) ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်ရန်အတွက် ရည်ရွယ်ပြီး ရုပ်ကြွင်း လောင်စာသုံးဓာတ်အားထုတ်လုပ်ခြင်းအပေါ် ငွေကြေးသုံးစွဲမှုလျှော့ချရန်အတွက် ကုမ္ပဏီ၌ တိုင်းတာနိုင်သည့် သတ်မှတ်ချက်များရှိပါသလား။

၈၆။ ကုမ္ပဏီတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးမူဝါဒ ရှိပါသလား။

၈၇။ ကုမ္ပဏီတွင် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုနှင့် ပြန့်ပွားမှုကို တားဆီးရန်အတွက် မူဝါဒရှိပါသလား။

၈၈။ ကုမ္ပဏီသည် နိုင်ငံရေးအရသြဇာကြီးမားသူများနှင့် သွယ်ဝိုက်၍ ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ စီးပွားရေးဆိုင်ရာ ဆက်ဆံရေးကိစ္စရပ်များဖြစ်ပေါ်လာပါက ကုမ္ပဏီအတွက် ထိခိုက်ခြင်းမရှိစေရန် ထပ်ဆောင်းကာကွယ်မှုများကို ကျင့်သုံးပါသလား။

# Scorecard: Evolution (3/4)

*New Criteria*

# ရမှတ်မှတ်တမ်း - ပြောင်းလဲမှု (၃/၄)

*စံနှုန်းအသစ်များ*

Q89 Does the Company have a policy to disclose client's rights and the risks of products and services?

၈၉။ ကုမ္ပဏီတွင် သုံးစွဲသူ၏ ရပိုင်ခွင့်များနှင့် ထုတ်ကုန်၊ ဝန်ဆောင်မှုများ၏ အန္တရာယ်များကို ထုတ်ဖော်ရန်အတွက် မူဝါဒရှိပါသလား။

Q90 Does the Company have a policy that regulates staff ethics in serving clients in non-discriminatory way?

၉၀။ ကုမ္ပဏီတွင် သုံးစွဲသူများအား ခွဲခြားဆက်ဆံမှုမရှိဘဲ ဝန်ဆောင်မှုပေးရမည့် ဝန်ထမ်းကျင့်ဝတ်ကို ထိန်းကျောင်းထားသော မူဝါဒရှိပါသလား။

Q97 Does the company identify climate change as an issue?

၉၇။ ကုမ္ပဏီအနေဖြင့် ရာသီဥတုပြောင်းလဲဖောက်ပြန်လာခြင်းကို ပြဿနာတစ်ခုအဖြစ် ယူဆသတ်မှတ်ပါသလား။

Q98 Does the Company establish measurable reduction objectives to limit the maximum global temperature increase of 1.5*C for its own direct and indirect greenhouse gas emissions?

၉၈။ ကုမ္ပဏီ၏ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လုပ်ဆောင်မှု များကြောင့် ဖြစ်ပေါ်လာသည့် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ ထုတ်လွှတ်မှုများကြောင့် ကမ္ဘာ့အပူချိန် အမြင့်ဆုံး 1.5*C အထိသာ တိုးလာမှုကို ကန့်သတ်နိုင်ရန်အတွက် တိုင်းတာနိုင်သည့် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ လျှော့ချရေး ရည်မှန်းချက်များ ချမှတ်ထားပါသလား။

Q99 Is the Company committed to using only renewable energy sources for its own internal operations?

၉၉။ ကုမ္ပဏီအနေဖြင့်  ရုံးတွင်းလုပ်ငန်းဆောင်တာများအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ရင်းမြစ်များ ကိုသာ အသုံးပြုရန် ကတိကဝတ်ပြုထားခြင်းရှိပါသလား။

# Scorecard: Evolution (4/4)

*Updated Criteria*

# ရမှတ်မှတ်တမ်း - ပြောင်းလဲမှု (၄/၄)

*ပြောင်းလဲထားသော စံနှုန်းများ*

Q73 Does the Company disclose its mid- and long-term quantitative targets on sustainability topics?

၇၃။ ကုမ္ပဏီသည် ၎င်း၏ ရေရှည်တည်တံ့ခိုင်မြဲရေး အကြောင်းအရာနှင့် စပ်လျဉ်းသည့် ကာလတို၊ကာလရှည် ကိန်းဂဏန်းဆိုင်ရာ ပန်းတိုင်များအား ဖော်ပြခြင်းရှိပါသလား။

Q78 Does the Company engage with its internal and external stakeholders to get their views on specific topics that are material to the business of the Company?

၇၈။ ကုမ္ပဏီသည် ယင်း၏ လုပ်ငန်းနှင့်သက်ဆိုင်သော အရေးပါသည့်အကြောင်းအရာများ (material) အပေါ် ၎င်းတို့၏ အတွေးအမြင်များသိရှိနိုင်ရန်အတွက် ကုမ္ပဏီအတွင်းနှင့်ပြင်ပမှ အကျိုးသက်ဆိုင်သူများနှင့် ဆွေးနွေးခြင်းများ ပြုလုပ်ပါသလား။

# Thank you!
# ကျေးဇူးတင်ပါတယ်။

Myanmar Centre for Responsible Business

Certified B Corporation

Yever smarter together